# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စီမံကိန်းဦးစီးဌာန

## လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ)



ရက်စွဲ ၂၂ - ၁၁ - ၂၀၂၃

| စဉ် | မာတိကာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ နိုဝင်ဘာလ(၃) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃ |
| ၅။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ နိုဝင်ဘာလ(၃) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃-၄ |
| ၆။ | ခုနှစ်၊ ဧပြီလ(၁) ရက်မှ နိုဝင်ဘာလ(၃) ရက်ထိ လယ်ယာထွက်ပစ္စည်း တင်ပို့မှု | ၄-၅ |
| ၇။ | ဆန်နှင့် ဆန်ကွဲ | ၅-၇ |
| ၈။ | ပဲအမျိုးမျိုး | ၇-၁၁ |
| ၉။ | ပြောင်း | ၁၁-၁၂ |
| ၁၀။ | ရာဘာစိမ်း | ၁၂-၁၃ |
| ၁၁။ | နှမ်း | ၁၃-၁၄ |
| ၁၂။ | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၄-၁၅ |
| ၁၃။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၆ |
| ၁၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ နိုဝင်ဘာလ(၃) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၆ |
| ၁၅။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| ၁၆။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၈-၁၉ |
| ၁၇။ | သုံးသပ်ချက် | ၁၉-၂၀ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ (၅) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၅-၁၆ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်နှင့် မူဝါဒချမှတ်ခြင်း၊ သုတေသနစာတမ်းများပြုစုခြင်းတို့ အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပ ပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၇,၁၅၄.၄) သန်းရှိသည့်အနက် လယ်ယာထွက် ကုန်အနေဖြင့် ဒေါ်လာ (၂,၉၈၆.၉၈) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း (၁၆,၆၂၀.၁၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် ဒေါ်လာ (၃,၉၉၉.၀၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်(၁၇%)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၂၄%) ရှိခဲ့ သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၇%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁)

၅။ သို့ဖြစ်၍ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုး မှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၅၃၄.၂၃) သန်းလျော့နည်းခဲ့သော်လည်း လယ်ယာ ထွက်ကုန်ပစ္စည်းပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၀၁၂.၀၄) သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲ ဇယား-က)

ဇယား (၁) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ဧပြီ မှ မတ် | ၂၀၁၉-၂၀၂၀ ဧပြီ မှ မတ် | ၂၀၂၀-၂၀၂၁ ဧပြီ မှ မတ် | ၂၀၂၁-၂၂ ဧပြီ မှ မတ် | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၂-၂၀၂၃ (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ထိ) |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၇% | ၂၀% | ၂၇% | ၂၇% | ၂၄% | ၂၁% |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၃% | ၂% | ၀.၄၂% | ၀.၀၅% | ၀.၁၂% | ၀.၀၆% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၅% | ၅% | ၄% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၁၀% | ၈% | ၄% | ၂% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၁% | ၁.၀% | ၀.၈% | ၁.၀% | ၀.၈% | ၀.၅% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၅% | ၅၉% | ၅၃% | ၅၇% | ၆၆% | ၆၄% |
| ၇ | အခြားပစ္စည်း | ၁၀% | ၄% | ၆% | ၅% | ၃% | ၈% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ နိုဝင်ဘာလ (၃) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

၆။ အစီရင်ခံကာလဖြစ်သော (၁-၄-၂၀၂၃) မှ (၃-၁၁-၂၀၂၃) အထိ ပို့ကုန်တင်ပို့မှုစုစုပေါင်း ဒေါ်လာသန်း (၈,၆၆၄.၆၆) တွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၁,၈၁၀.၁၁) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၄.၉၁) သန်း၊ ရေထွက် ဒေါ်လာ(၃၇၅.၁၄) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ(၁၇၀.၅၉) သန်း၊ သစ်တောထွက် ဒေါ်လာ(၄၀.၀၈)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၅,၅၅၃.၃၁) သန်းနှင့် အခြားပစ္စည်းများ ဒေါ်လာ(၇၁၀.၅၂) သန်းပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲဇယား(က)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ နိုဝင်ဘာလ (၃) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ

၇။ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် လယ်ယာကဏ္ဍတင်ပို့မှုအနေဖြင့် စုစုပေါင်း ဒေါ်လာ (၂,၁၉၀.၁၆) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁,၈၁၀.၁၁) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၄.၉၁) သန်းနှင့် ရေထွက်ပစ္စည်း ဒေါ်လာ (၃၇၅.၁၄) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇယား(၂)


ဇယား (၂) – လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၂,၁၉၀.၁၆ | ၂,၄၅၄.၀၀ | - ၂၆၃.၈၄ | - ၁၀.၇၅% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၁,၈၁၀.၁၁ | ၂,၀၁၂.၂၈ | - ၂၀၂.၁၇ | - ၁၀.၀၅% |
| ၁ | ဆန်နှင့်ဆန်ကွဲ | US$ | ၂၉၂.၉၉ | ၃၉၈.၇၉ | - ၁၀၅.၈ | - ၂၆.၅၃% |
| | | တန်ချိန် | ၆၂၄,၃၉၇.၀၁ | ၁,၁၂၂,၄၉၅.၅၃ | - ၄၉၈,၀၉၈.၅၂ | - ၄၄.၃၇% |
| | (က) ဆန် | US$ | ၁၇၁.၄၈ | ၂၄၇.၅၆ | - ၇၆.၀၈ | - ၃၀.၇၃% |
| | | တန်ချိန် | ၃၂၈,၄၀၉.၈၆ | ၆၆၃,၉၀၂.၈၇ | - ၃၃၅,၄၉၃.၀၁ | - ၅၀.၅၃% |
| | (ခ) ဆန်ကွဲ | US$ | ၁၂၁.၅၂ | ၁၅၁.၂၃ | - ၂၉.၇၁ | - ၁၉.၆၅% |
| | | တန်ချိန် | ၂၉၅,၉၈၇.၁၅ | ၄၅၈,၅၉၂.၆၆ | - ၁၆၂,၆၀၅.၅၁ | - ၃၅.၄၆% |
| ၂ | ပဲအမျိုးမျိုး | US$ | ၈၁၇.၉ | ၇၂၉.၃၉ | ၈၈.၅၁ | ၁၂.၁၃% |
| | | တန်ချိန် | ၉၇၄,၆၉၆.၃၁ | ၉၂၆,၂၉၆.၉ | ၄၈,၃၉၉.၄၁ | ၅.၂၃% |
| ၃ | ပြောင်း | US$ | ၂၆၀.၅၉ | ၃၀၇.၈၈ | - ၄၇.၂၉ | - ၁၅.၃၆% |
| | | တန်ချိန် | ၈၆၀,၃၃၇.၂၄ | ၉၈၉,၃၄၄.၂၁ | - ၁၂၉,၀၀၆.၉၇ | - ၁၃.၀၄% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| ၄ | နှမ်း | US$ | ၄၃.၄၇ | ၅၉.၂၈ | - ၁၅.၈၁ | - ၂၆.၆၇% |
| | | တန်ချိန် | ၂၇,၁၆၅.၄ | ၄၄,၉၁၇.၃၂ | - ၁၇,၇၅၁.၉၂ | - ၃၉.၅၂% |
| ၅ | ရော်ဘာစိမ်း | US$ | ၁၁၆.၇၉ | ၁၈၈.၃၃ | - ၇၁.၅၄ | - ၃၇.၉၉% |
| | | တန်ချိန် | ၉၄,၄၃၅.၃၈ | ၁၂၇,၀၃၈.၈၃ | - ၃၂,၆၀၃.၄၅ | - ၂၅.၆၆% |
| ၆ | အခြားသီးနှံ | US$ | ၂၇၈.၃၇ | ၃၂၈.၆၁ | - ၅၀.၂၄ | - ၁၅.၂၉% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၄.၉၁ | ၁၇.၇၃ | - ၁၂.၈၂ | - ၇၂.၃၁% |
| ရေထွက်ပစ္စည်း | | US$ | ၃၇၅.၁၄ | ၄၂၃.၉၉ | - ၄၈.၈၅ | - ၁၁.၅၂% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၂)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁)ရက် မှ နိုဝင်ဘာလ (၃) ရက်ထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၈။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ (၁,၈၁၀.၁၁) သန်းတွင် ဆန်နှင့် ဆန်ကွဲမှာ တန်ဘိုး ဒေါ်လာ (၂၉၂.၉၉) သန်း၊ တန်ချိန် (၆၂၄,၃၉၇.၀၁)၊ ပဲအမျိုးမျိုးမှာ တန်ဘိုး ဒေါ်လာ (၈၁၇.၉၀) သန်း၊ တန်ချိန် (၉၇၄,၆၉၆.၃၁)၊ ပြောင်းမှာ တန်ဘိုး ဒေါ်လာ (၂၆၀.၅၉)သန်း၊ တန်ချိန် (၈၆၀,၃၃၇.၂၄)၊ ရာဘာစိမ်းမှာ တန်ဘိုး ဒေါ်လာ (၁၁၆.၇၉)သန်း၊ တန်ချိန်(၉၄,၄၃၅.၃၈) နှင့်

ဆီထွက်သီးနှံဖြစ်သော နှမ်းမှာ တန်ဘိုး ဒေါ်လာ (၄၃.၄၇)သန်း၊ တန်ချိန် (၂၇,၁၆၅.၄) ပါဝင်ခဲ့ပြီး အခြားသီးနှံမှာ ဒေါ်လာ (၂၇၈.၃၇) သန်း ပါဝင်သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ ၂၊ ၃)

## ဆန်နှင့် ဆန်ကွဲ

၉။ အစီရင်ခံကာလ(၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃) ရက်နေ့အထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ဒေါ်လာ(၁,၈၁၀.၁၁) သန်းတွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ဘိုးဒေါ်လာ (၂၉၂.၉၉) သန်း၊ တန်ချိန် (၆၂၄,၃၉၇.၀၁) တင်ပို့ခဲ့ပါသည်။ (ပုံ-၄)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၄)။ (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၁၀။ ယခုအပတ်အတွင်း (၂၈-၁၀-၂၀၂၃ မှ ၃-၁၁-၂၀၂၃ ထိ) **ဆန်**တင်ပို့မှုတွင် တန်ချိန် (၅,၉၃၂)၊ တန်ဖိုး ကန်ဒေါ်လာ (၃.၂၇၉) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ တန်ချိန် (၅,၁၁၉) အား နိုင်ငံပေါင်း (၁၁)နိုင်ငံနှင့် နယ်စပ်မှ ဆန်တန်ချိန် (၈၁၃) အား လွှယ်ဂျယ်စခန်းမှ တင်ပို့ခဲ့ပါသည်။

၁၁။ **ဆန်ကွဲ**တင်ပို့မှုတွင် တန်ချိန် (၆,၉၇၁) ၊ တန်ဖိုး ကန်ဒေါ်လာ (၃.၁၂၉) သန်းခန့် ရှိပြီး ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက တန်ချိန်(၆,၆၃၉)၊ တန်ဖိုး ကန်ဒေါ်လာ(၂.၈၇၂) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဆန်ကွဲတန်ချိန်(၆၈၁၁) အား နိုင်ငံပေါင်း (၆)နိုင်ငံနှင့် နယ်စပ်မှ ဆန်ကွဲတန်ချိန် (၁၆၀) အား လွှယ်ဂျယ်စခန်းမှ တင်ပို့ခဲ့ပါသည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့မှုလျော့နည်းခဲ့ပါသည်။ ပြည်တွင်းဆန်စျေးကွက်အနေဖြင့် ရွှေဘို ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၁၂၀,၀၀၀ -

၁၂၅,၀၀၀၊ ဖျာပုံပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၉၃၀၀၀–၁၀၀၀၀၀၊ ဒေးဒရဲပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၉၃၀၀၀–၉၈၀၀၀၊ ပေါ်ဆန်းနယ်စုံသစ် တစ်အိတ်လျှင် ၉၅၀၀၀–၉၈၀၀၀ ကျပ်ခန့် ပေါက်ဈေးရှိကြောင်းသိရှိရပါသည်။

ဇယား (၃)- ပြည်တွင်းဧည့်မထဆန်(မိုး)ဈေးနှုန်းများ

တစ်တင်းခွဲ (၁၀၈ပေါင်)/ကျပ်

| စဉ် | ဈေးကွက် | ယခုအပတ် (၃-၁၁-၂၀၂၃) | ယခင်အပတ် (၂၇-၁၀-၂၀၂၃) | ခြားနားချက် | % |
|---|---|---|---|---|---|
| ၁ | လှိုင်ကော် | ၉၀,၀၀၀ | ၉၀,၀၀၀ | - | - |
| ၂ | ဘားအံ | ၆၈,၀၀၀ | ၆၈,၀၀၀ | - | - |
| ၃ | မြိတ် | ၇၅,၀၀၀ | ၇၅,၀၀၀ | - | - |
| ၄ | ပဲခူး | ၆၇,၀၀၀ | ၆၇,၀၀၀ | - | - |
| ၅ | ပြည် | ၆၇,၀၀၀ | ၆၇,၀၀၀ | - | - |
| ၆ | မကွေး | ၈၈,၀၀၀ | ၈၈,၀၀၀ | - | - |
| ၇ | မန္တလေး | ၉၆,၀၀၀ | ၉၆၀၀၀ | - | - |
| ၈ | နေပြည်တော် | ၈၄,၀၀၀ | ၈၄,၀၀၀ | - | - |
| ၉ | ပျဉ်းမနား | ၈၄,၀၀၀ | ၈၄,၀၀၀ | - | - |
| ၁၀ | မော်လမြိုင် | ၇၃,၀၀၀ | ၇၃,၀၀၀ | - | - |
| ၁၁ | စစ်တွေ | ၇၅,၀၀၀ | ၇၅,၀၀၀ | - | - |
| ၁၂ | သန်လျင် | - | - | - | - |
| ၁၃ | တောင်ကြီး | ၇၀,၀၀၀ | ၇၀,၀၀၀ | - | - |
| ၁၄ | လားရှိုး | ၈၄,၀၀၀ | ၈၂,၀၀၀ | ၂,၀၀၀ | ၂% |
| ၁၅ | ကျိုင်းတုံ | ၈၉,၀၀၀ | ၈၉,၀၀၀ | - | - |
| ၁၆ | ပုသိမ် | ၆၉,၀၀၀ | ၆၉,၀၀၀ | - | - |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၂။ အာရှဆန်ဈေးကွက်တွင် အိန္ဒိယနိုင်ငံ၌ ဆန်သစ်များလှိုင်လှိုင်ထွက်ရှိလာချိန်တွင် ပြည်ပဝယ်လိုအားလျော့နည်းလာသဖြင့် ရူးပီးငွေတန်ဘိုးကျဆင်းလာသောကြောင့် ပြည်ပတင်ပို့နေသည့် ပေါင်းဆန်ဈေးနှုန်းများ (၅)ပတ်မြောက် ဈေးနှုန်းကျဆင်းလာကြောင်း၊ အိန္ဒိယအစိုးရသည် ပေါင်းဆန် ပို့ကုန်ခွန်ကို ၂၀၂၄ မတ်လအထိ ၂၀% အခွန်ကောက်မည်ဟု ထုတ်ပြန်ထားသောကြောင့် ဆန်ဝယ်လိုအားလျော့နည်းနေကြောင်း၊ နိုင်ငံမြောက်ပိုင်းတွင် စပါးသစ်များ လှိုင်လှိုင်ပေါ်လာသဖြင့် စပါးဈေးနှုန်းများလည်း ကျဆင်းလာပြီး ရူးပီးငွေတန်ဘိုးကျဆင်းနေချိန်တွင် ဆန်

တင်ပို့သူများ ဈေးကျရောင်းရန် အခွင့်အလမ်းများဖြစ်လာကြောင်း သိရပါသည်။ ဆန်တင်ပို့သူများသည် ဗီယက်နမ်ဆန်ကို ဝယ်လိုအားကောင်းနေဆဲဖြစ်ပြီး အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံမှ ဆန်ဝယ်လက်များက အဝယ်သွက်နေပြီး ယခုတစ်ပတ်ထဲတွင် ဗီယက်နမ်နိုင်ငံနှင့် မွန်ဂိုလီးယား နှစ်နိုင်ငံသည် ရေရှည်တည်တံ့ ဆန်ကုန်သွယ်မှုလုပ်သွားရန် နားလည်မှုစာချွန်လွှာ MOU ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလတွင် ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန် (၁၆၇.၅၉၅) သန်း ဖြစ်ပြီး ယခင်နှစ်အလားတူကာလ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် တန်ချိန် (၁၇၂.၂၃၈) သန်း ဖြစ်ကြောင်း သိရှိရပါသည်။

**ဇယား (၄)- ပြည်ပတွင်ဖြစ်ပေါ်နေသော ဆန်တစ်တန် FOB ဈေးနှုန်းများ**

တန်/ဒေါ်လာ

| စဉ် | နိုင်ငံ | အမျိုးအစား | ယခုအပတ် (၆-၁၁-၂၀၂၃) | ယခင်အပတ် (၃၁-၁၀-၂၀၂၃) |
|---|---|---|---|---|
| (က) | ထိုင်း | ဆန်ဖြူ ၁၀၀ % | ၅၉၈ | ၆၀၀ |
| | | ဆန်ဖြူ ၅ % | ၅၈၄ | ၅၈၆ |
| | | ဆန်ဖြူ ၂၅ % | ၅၅၈ | ၅၆၀ |
| | | ပေါင်းဆန် ၁၀၀ % | ၅၈၄ | ၅၈၆ |
| (ခ) | ဗီယက်နမ် | ဆန်ဖြူ ၅ % | ၆၅၇ | ၆၄၇ |
| | | ဆန်ဖြူ ၂၅ % | ၆၄၂ | ၆၃၂ |
| (ဂ) | ပါကစ္စတန် | ဆန်ဖြူ ၅ % | ၅၆၇ | ၅၆၇ |
| | | ဆန်ဖြူ ၂၅ % | ၄၉၂ | ၄၈၇ |
| (ဃ) | အိန္ဒိယ | ဆန်ဖြူ ၂၅ % | - | - |
| (င) | မြန်မာ | ဆန်ဖြူ ၅ % | ၅၇၀-၅၇၅ | ၅၇၀-၅၇၅ |
| | | ဆန်ဖြူ ၁၀ % | ၅၆၀-၅၇၀ | ၅၆၀-၅၇၀ |
| | | ဆန်ဖြူ ၁၅ % | ၅၅၅-၅၆၀ | ၅၅၅-၅၆၀ |
| | | ဆန်ဖြူ ၂၅ % | ၅၅၀-၅၅၅ | ၅၅၀-၅၅၅ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပဲအမျိုးမျိုး


၁၃။ ၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ ရက်နေ့အထိ ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ဘိုး ဒေါ်လာ (၈၁၇.၉၀) သန်း၊ တန်ချိန် (၉၇၄,၆၉၆.၃၁) ရှိခဲ့ပြီး၊ မတ်ပဲ တန်ဘိုး ဒေါ်လာ(၄၁၈.၉၈)သန်း၊ တန်ချိန် (၄၆၅,၉၃၂.၃၈) ဖြင့် အများဆုံး၊ ပဲတီစိမ်း တန်ဘိုး ဒေါ်လာ(၁၇၂.၂၁)သန်း၊ တန်ချိန် (၂၅၅,၃၀၅.၁၂) ဖြင့် ဒုတိယအများဆုံးနှင့် ပဲစဥ်းငုံ တန်ဘိုး ဒေါ်လာ(၉၈.၄၄)သန်း၊ တန်ချိန် (၁၁၀,၈၆၈.၀၆) ဖြင့် တတိယအများဆုံး တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ဇယား(၅)၊ ပုံ (၅၊ ၆)

## ဇယား (၅)- ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ နိုဝင်ဘာလ ၃ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | ပဲအမျိုးမျိုး | US$ | ၁,၄၇၀.၆၆ | ၈၁၇.၉ | ၇၂၉.၃၉ | ၈၈.၅၁ | ၁၂% |
| | | တန်ချိန် | ၁,၉၁၉,၁၅၆.၁၀ | ၉၇၄,၆၉၆.၃၁ | ၉၂၆,၂၉၆.၉ | ၄၈,၃၉၉.၄၁ | ၅% |
| ၁ | မတ်ပဲ | US$ | ၅၃၁.၈၀ | ၄၁၈.၉၈ | ၂၇၆.၀၅ | ၁၄၂.၉၃ | ၅၂% |
| | | တန်ချိန် | ၆၄၉,၉၄၀.၂၃ | ၄၆၅,၉၃၂.၃၈ | ၃၂၃,၈၁၉.၄၄ | ၁၄၂,၁၁၂.၉၄ | ၄၄% |
| ၂ | ပဲတီစိမ်း | US$ | ၄၈၉.၀၉ | ၁၇၂.၂၁ | ၂၆၉.၂၃ | - ၉၇.၀၂ | - ၃၆% |
| | | တန်ချိန် | ၆၉၁,၃၉၉.၂၉ | ၂၅၅,၃၀၅.၁၂ | ၃၅၄,၂၅၉.၁၄ | - ၉၈,၉၅၄.၀၂ | - ၂၈% |
| ၃ | ပဲစင်းငုံ | US$ | ၁၈၇.၃၉ | ၉၈.၄၄ | ၆၀.၁၈ | ၃၈.၂၆ | ၆၄% |
| | | တန်ချိန် | ၂၃၉,၅၃၇.၇၃ | ၁၁၀,၈၆၈.၀၆ | ၇၄,၈၂၇.၁၁ | - ၃၆,၀၄၀.၉၅ | - ၄၈% |
| ၄ | ကုလားပဲ | US$ | ၁၃.၁၄ | ၂.၂၁ | ၁၂.၅၆ | - ၁၀.၃၅ | - ၈၂% |
| | | တန်ချိန် | ၁၈,၆၇၆.၈၆ | ၂,၂၃၁.၉၆ | ၁၇,၉၇၅.၁၃ | - ၁၅,၇၄၃.၁၇ | - ၈၈% |
| ၅ | ပဲလွန်းဖြူ | US$ | ၄၀.၅၈ | ၁၈.၆၃ | ၁၈.၃၂ | ၀.၃၁ | ၂% |
| | | တန်ချိန် | ၆၄,၀၀၁.၇၉ | ၂၉,၁၀၇.၅၂ | ၂၆,၆၅၀.၄၂ | ၂,၄၅၇.၁ | ၉% |
| ၆ | မြေထောက်ပဲ | US$ | ၅၀.၃၁ | ၂၆.၃ | ၃၂.၁၁ | - ၅.၈၁ | - ၁၈% |
| | | တန်ချိန် | ၅၉,၄၂၅.၇၁ | ၂၀,၇၂၁.၁၅ | ၄၃,၁၂၃.၈၁ | - ၂၂,၄၀၂.၆၆ | - ၅၂% |
| ၇ | ထောပတ်ပဲ | US$ | ၂၇.၀၂ | ၁၈.၇၇ | ၁၉.၃၉ | - ၀.၆၂ | - ၃% |
| | | တန်ချိန် | ၃၃,၈၀၂.၉၈ | ၁၈,၃၈၉.၃၁ | ၂၄,၆၀၉.၆၈ | - ၆,၂၂၀.၃၇ | - ၂၅% |
| ၈ | ပဲယင်း | US$ | ၆၀.၇၇ | ၃၃.၂၇ | ၁၇.၇၈ | ၁၅.၄၉ | ၈၇% |
| | | တန်ချိန် | ၈,၄၆၇၂.၆၁ | ၄၂,၃၁၁.၈၈ | ၂၆,၈၃၇.၀၄ | ၁၅,၄၇၄.၈၄ | ၅၈% |
| ၉ | ပဲကြီး | US$ | ၅.၅ | ၃.၆ | ၄.၃၈ | - ၀.၇၈ | - ၁၈% |
| | | တန်ချိန် | ၇,၇၇၂.၉၅ | ၃,၅၄၀.၈၅ | ၆,၆၆၆.၈၆ | - ၃,၁၂၆.၀၁ | - ၄၇% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၅.၃၃ | ၄.၆၆ | ၃.၈၆ | ၀.၈ | ၂၁% |
| | | တန်ချိန် | ၈,၅၁၃.၈၇ | ၇,၅၆၉.၇၃ | ၆,၁၁၇.၃၆ | ၁,၄၅၂.၃၇ | ၂၄% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၅.၂၆ | ၁.၀၄ | ၆.၇၅ | - ၅.၇၁ | - ၈၅% |
| | | တန်ချိန် | ၂၀,၉၀၈.၈၅ | ၁,၅၉၄.၇၅ | ၉,၀၁၁.၉၁ | - ၇,၄၁၇.၁၆ | - ၈၂% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၂၁ | ၀.၀၁ | ၀.၀၆ | - ၀.၀၅ | - ၈၃% |
| | | တန်ချိန် | ၂၂၃.၅၁ | ၈.၇၃ | ၆၆.၀၀ | - ၅၇.၂၇ | - ၈၇% |
| ၁၃ | ပဲနီကြား | US$ | ၂.၂၈ | ၁.၇၄ | ၁.၇၉ | - ၀.၀၅ | - ၃% |
| | | တန်ချိန် | ၅,၅၂၀.၃၀ | ၃,၄၀၃.၀၁ | ၄,၅၄၄.၂၅ | - ၁,၁၄၁.၂၄ | - ၂၅% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၈၇ | ၁.၁၂ | ၀.၄၇ | ၀.၆၅ | ၁၃၈% |
| | | တန်ချိန် | ၁,၂၀၇.၄၁ | ၁,၅၉၆.၅ | ၆၁၅.၆ | ၉၈၀.၉ | ၁၅၉% |
| ၁၅ | မြေပဲဆံ | US$ | ၄၀.၁၆ | ၁၅.၈၃ | ၅.၇၄ | ၁၀.၀၉ | ၁၇၆% |
| | | တန်ချိန် | ၃၂,၀၄၆.၁၇ | ၁၀,၃၁၈.၅၆ | ၅,၉၇၁.၇၂ | ၄,၃၄၆.၈၄ | ၇၃% |
| ၁၆ | အခြားပဲ | US$ | ၀.၉၆ | ၁.၀၉ | ၀.၇၂ | ၀.၃၇ | ၅၁% |
| | | တန်ချိန် | ၁,၅၀၅.၈၃ | ၁,၇၉၆.၇၉ | ၁,၂၀၁.၄၃ | ၅၉၅.၃၆ | ၅၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ယခုအပတ် (၂၈-၁၀-၂၀၂၃ မှ ၃-၁၁-၂၀၂၃) တွင် **ပဲမျိုးစုံ**တင်ပို့မှုအနေဖြင့် တန်ချိန် (၂) သောင်းခန့်၊ တန်ဖိုး ဒေါ်လာ (၁၈) သန်း တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၄၅၃၄)၊ တန်ဖိုး ကန်ဒေါ်လာ (၄) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ မတ်ပဲတန်ချိန် (၁) သောင်းခွဲကျော်၊ ပဲတီစိမ်းတန်ချိန် (၂)ထောင်နှင့် ပဲစဉ်းငုံ (၀.၉၉) တန် တင်ပို့ခဲ့ပြီး နယ်စပ်မှ ပဲမျိုးစုံတန်ချိန်(၆၄) တန် တင်ပို့ခဲ့ပါသည်။

၁၅။ ပြည်တွင်းပဲမျိုးစုံဈေးကွက်၌ ရန်ကုန်ဈေးကွက်တွင် မတ်ပဲ(FAQ/RC) တစ်တန်လျှင် ကျပ် (၂,၉၂၇,၀၀၀) ပေါက်ဈေးရှိပြီး တစ်တန်လျှင် (၁၀၄,၀၀၀)ကျပ် ခန့်၊ မတ်ပဲ(SQ/RC) တစ်တန်လျှင် ကျပ် (၃,၂၀၇,၀၀၀) ပေါက်ဈေးရှိပြီး တစ်တန်လျှင် (၉၄,၀၀၀)ကျပ် ခန့်၊ မတ်ပဲ(RAW) တစ်ပိဿာလျှင် ကျပ် (၄,၈၃၀-၄,၈၇၀) ပေါက်ဈေးရှိပြီး၊ တစ်ပိဿာလျှင် ၂၀၀ ကျပ် အသီးသီး ဈေးမြင့်တက်လာပြီး၊ နယ်ဈေးကွက်များတွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၉၄,၈၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ မတ်ပဲမှာ ပြည်ပအဝယ်သွက်၍ ဆက်တိုက်ဈေးမြင့်တက်နေပြီး မြန်မာမတ်ပဲအား အိန္ဒိယမှ အများဆုံး ဝယ်ယူတင်သွင်းလျက်ရှိပြီး အိန္ဒိယနိုင်ငံ၌ ပွဲတော်များကျင်းပနေသည့်အတွက် ပဲဝယ်လိုအားများကာ ပဲဈေးများမြင့်တက်နေကြောင်း သိရှိရပါသည်။ ပဲစဉ်းငုံနီ(RED/RC) မှာ ရန်ကုန်ဈေးကွက်တွင် တစ်တန်လျှင် (၄,၀၇၅,၀၀၀) ကျပ် ပေါက်ဈေးရှိပြီး မန္တလေးဈေးကွက်တွင် ပဲစဉ်းငုံနီ အသစ်တစ်တန်လျှင် ကျပ်(၃၄၀,၀၀၀) ထိဈေးဖွင့်ကြောင်း၊ မြန်မာမတ်ပဲအား အိန္ဒိယမှ အများဆုံးဝယ်ယူတင်သွင်းလျှက်ရှိရာ လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ပွဲတော်များကျင်းပနေသဖြင့် ပဲဝယ်လိုအားများကာ ဈေးမြင့်တက်နေကြောင်း ပဲစဉ်းငုံနီမှာ ပြည်တွင်း၌ လက်ကျန်နည်းနေသောကြောင့် အရောင်းအဝယ် အေးသော်လည်း ပစ္စည်းလက်ကျန်မရှိတော့သည့်အတွက် ဈေးမကျဘဲ အမြင့်ဈေးတွင် ငြိမ်နေကြောင်း သိရှိရပါသည်။

## ဇယား (၆)– ပဲမျိုးစုံပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၁,၂၄၈,၇၀၀ | ၁,၇၆၉,၄၀၀ | ၁,၆၇၀,၀၀၀ | ၁,၉၅၀,၇၀၀ | ၁,၂၀၂,၅၀၀ | ၁,၉၇၄,၀၀၀ | ၁,၀၆၀,၀၀၀ | ၂,၀၉၁,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၂၆၈,၃၀၀ | ၁,၉၅၀,၇၀၀ | ၁,၄၆၀,၅၀၀ | ၂,၃၉၇,၅၀၀ | ၁,၁၁၀,၀၀၀ | ၂,၁၂၆,၅၀၀ | ၁,၄၁၀,၀၀၀ | ၂,၀၄၂,၃၀၀ |
| မတ် | ၁,၄၆၀,၀၀၀ | ၂,၀၆၄,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၀,၀၀၀ | ၂,၃၁၅,၀၀၀ | ၁,၅၅၁,၄၀၀ | ၂,၂၄၇,၅၀၀ |
| ဧပြီ | ၁,၄၂၇,၃၀၀ | ၂,၁၁၈,၉၀၀ | ၁,၅၈၃,၀၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၅,၀၀၀ | ၂,၃၇၀,၀၀၀ | ၁,၄၈၁,၉၀၀ | ၂,၃၄၈,၅၀၀ |
| မေ | ၁,၄၆၉,၇၀၀ | ၂,၃၁၇,၉၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၅၈,၇၅၀ | ၂,၇၃၀,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၅၅၃,၇၀၀ |
| ဇွန် | ၁,၅၈၃,၀၀၀ | ၂,၃၇၉,၁၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၃၀,၀၀၀ | ၃,၀၅၀,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၇၀၆,၈၀၀ |
| ဇူလိုင် | ၁,၆၂၂,၀၀၀ | ၂,၃၂၄,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၂၄၄,၄၀၀ | ၁,၄၄၇,၅၀၀ | ၃,၀၀၀,၀၀၀ | ၁,၆၅၄,၁၀၀ | ၂,၇၅၅,၈၀၀ |
| သြဂုတ် | ၁,၈၉၀,၀၀၀ | ၂,၄၃၄,၃၀၀ | ၁,၇၃၆,၁၀၀ | ၂,၁၄၃,၄၀၀ | ၁,၉၄၀,၀၀၀ | ၃,၅၀၀,၀၀၀ | ၂,၂၂၃,၄၀၀ | ၂,၉၀၈,၉၀၀ |
| စက်တင်ဘာ | ၂,၀၃၆,၂၀၀ | ၂,၅၄၇,၅၀၀ | ၂,၁၃၄,၃၀၀ | ၂,၂၂၂,၉၀၀ | ၂,၁၃၀,၀၀၀ | ၄,၀၇၅,၀၀၀ | ၂,၁၄၃,၄၀၀ | ၂,၈၉၀,၅၀၀ |
| အောက်တိုဘာ | ၁,၈၁၂,၇၀၀ | ၂,၉၃၉,၅၀၀ | ၁,၉၉၀,၃၀၀ | ၂,၂၂၂,၉၀၀ | ၁,၉၄၀,၀၀၀ | ၄,၀၇၅,၀၀၀ | ၂,၀၉၁,၃၀၀ | ၂,၉၀၈,၉၀၀ |
| နိုဝင်ဘာ | ၁,၈၃၁,၂၀၀ | | ၁,၈၃၉,၂၀၀ | | ၁,၇၉၀,၀၀၀ | | ၂,၀၀၀,၀၀၀ | |
| ဒီဇင်ဘာ | ၁,၇၉၉,၀၀၀ | | ၁,၈၀၆,၂၀၀ | | ၁,၆၄၀,၀၀၀ | | ၂,၁၆၁,၃၀၀ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ဇယား (၇)– ပဲမျိုးစုံ FOB ပြည်တွင်းဈေးနှုန်းများ

ဒေါ်လာ/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၉၆၉ | ၇၉၀ | ၉၂၂ | ၈၉၀ | ၆၀၄ | ၈၈၀ | ၆၀၀ | ၈၂၅ |
| ဖေဖော်ဝါရီ | ၇၄၀ | ၈၇၅ | ၉၇၀ | ၁,၁၀၀ | ၆၅၅ | ၈၉၀ | ၈၂၅ | ၈၇၅ |
| မတ် | ၇၆၅ | ၉၁၅ | ၉၁၀ | ၁,၀၄၀ | ၇၄၅ | ၁,၀၁၅ | ၇၀၀ | ၉၀၀ |
| ဧပြီ | ၈၂၀ | ၉၅၀ | ၉၅၀ | ၁,၀၅၀ | ၇၇၀ | ၁,၀၅၀ | ၈၆၁ | ၉၂၅ |
| မေ | ၈၇၅ | ၉၄၀ | ၉၇၀ | ၁၄၀ | ၇၄၀ | ၁,၀၈၀ | ၇၅၀ | ၉၅၀ |
| ဇွန် | ၉၀၅ | ၁,၀၀၀ | ၉၄၀ | ၁,၀၂၀ | ၇၆၀ | ၁,၂၆၀ | ၇၅၀ | ၁,၀၅၀ |
| ဇူလိုင် | ၉၂၅ | ၈၉၀ | ၉၇၅ | ၉၄၀ | ၈၂၀ | ၁,၁၆၀ | ၇၅၀ | ၁,၀၅၀ |
| သြဂုတ် | ၉၄၅ | ၉၈၀ | ၈၉၅ | ၉၃၀ | ၁,၀၀၀ | ၁,၂၂၀ | ၈၂၅ | ၁,၁၀၀ |
| စက်တင်ဘာ | ၈၆၀ | ၁,၀၃၀ | ၉၄၅ | ၉၀၀ | ၈၉၅ | ၁,၆၅၀ | ၇၇၅ | ၁,၁၀၀ |
| အောက်တိုဘာ | ၈၂၅ | ၁,၁၇၀ | ၈၇၅ | ၉၀၀ | ၈၅၅ | ၁,၃၇၀ | ၇၅၀ | ၁,၁၀၀ |
| နိုဝင်ဘာ | ၈၁၅ | | ၈၂၅ | | ၈၁၀ | | ၇၂၅ | |
| ဒီဇင်ဘာ | ၈၀၅ | | ၈၇၀ | | ၇၅၀ | | ၇၀၀ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၈)- နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံ တရုတ်နယ်စပ်မျက်နှာစာဈေး

ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအစား | နှစ်အလိုက်ပျမ်းမျှဈေး | | | | | | လက်ရှိဈေး |
|---|---|---|---|---|---|---|---|---|
| | | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | ၆-၁၁-၂၀၂၃ |
| | | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | |
| ၁ | မတ်ပဲ | - | - | - | - | - | - | ၈၇၅ |
| ၂ | ပဲတီစိမ်း | ၈၁၇ | ၁,၀၂၈ | ၆၉၃ | ၇၉၈ | ၆၅၀ | ၇၀၀ | ၈၀၆ |
| ၃ | ပဲပုတ် | ၄၇၆ | ၅၁၃ | ၄၈၃ | ၅၃၀ | ၄၈၅ | ၅၀၀ | ၈၈၈ |
| ၄ | ပဲလွန်းဖြူ | ၆၀၉ | ၆၆၀ | ၆၂၂ | ၄၆၀ | ၄၆၀ | ၆၂၈ | ၆၄၃ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပြောင်း

၁၆။ (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ ထိ) ပြည်ပပို့ကုန်တင်ပို့မှုတွင် **ပြောင်း** တန်ဘိုးဒေါ်လာ (၂၆၀.၅၉) သန်း၊ တန်ချိန် (၈၆၀,၃၃၇.၂၄) ပါဝင်ခဲ့သည်ကိုတွေ့ရပြီး ယခုအပတ်အတွင်း ပြောင်း တင်ပို့မှုမှာ တန်ချိန် (၂)ထောင်ကျော်၊ တန်ဖိုး ဒေါ်လာ (၀.၅၈၂) သန်းရှိခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၅)ထောင်ကျော်၊ တန်ဖိုး ဒေါ်လာ (၁.၄၈၂) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဖိလစ်ပိုင်နိုင်ငံသို့ တင်ပို့ခဲ့ပြီး နယ်စပ်တွင် မြဝတီ၊ လွယ်ဂျယ်နှင့် ကျိုင်းတုံ စခန်းတို့မှ တင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် ပြည်တွင်းပြောင်းဈေးကွက်အနေဖြင့် မန္တလေးဈေးကွက်တွင် ပြောင်းဖူးစေ့(ရှမ်းစ) နှင့် ပြောင်းဖူးစေ့(CP) တစ်တန်လျှင် ကျပ် (၆၀၆,၇၂၀)စီ ပေါက်ဈေးရှိပြီး၊ တစ်တန်လျှင် (၅၆၇၀) ကျပ် ဈေးအသီးသီး မြင့်လာကြောင်း သိရှိရပါသည်။

ဇယား (၉)- ပြည်တွင်းပြောင်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၃-၁၁-၂၀၂၃) | ယခင်အပတ် (၂၇-၁၀-၂၀၂၃) |
|---|---|---|---|
| ၁ | ရန်ကုန် | ၆၇၃,၆၀၀ | ၆၆၇,၅၀၀ |
| ၂ | မန္တလေး | ၅၈၂,၄၀၀ | ၅၇၆,၉၀၀ |
| ၃ | ရှမ်း(တောင်) | ၅၅၁,၂၀၀ | ၅၅၁,၂၀၀ |
| ၄ | ရှမ်း (မြောက်) | ၆၁၆,၈၀၀ | ၆၁၆,၈၀၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၀)– နိုင်ငံအလိုက်ပြောင်းစျေးနှုန်းများ

**တန်ဘိုး– USD**

| စဉ် | နိုင်ငံ | ယခုအပတ် (၃–၁၁–၂၀၂၃) | ယခင်အပတ် (၂၇–၁၀–၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | အိန္ဒိယ | ၂၆၅ | ၂၅၈ | ၆ | **၂.၄၄%** |
| ၂ | တရုတ် | ၃၃၉ | ၃၃၉ | **၀** | **–** |
| ၃ | ပါကစ္စတန် | ၁၇၁ | ၁၇၁ | ၀ | – |
| ၄ | ဘရာဇီး | ၂၀၄ | ၁၉၆ | **၈** | **၄.၀၈%** |
| ၅ | မြန်မာ | ၂၈၀ | ၂၈၀ | **၀** | **–** |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရာဘာစိမ်း

၁၇။ (၁–၄–၂၀၂၃ မှ ၃–၁၁–၂၀၂၃ ထိ) ရာဘာစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ဘိုး ဒေါ်လာ (၁၁၆.၇၉) သန်း၊ တန်ချိန် (၉၄,၄၃၅.၃၈) တင်ပို့ခဲ့ပါသည်။ ယခုအပတ်အတွင်း တင်ပို့မှုအနေဖြင့် တန်ချိန် (၉၀၃)၊ တန်ဖိုး ဒေါ်လာ (၁.၁၅၃) သန်းရှိခဲ့သဖြင့် ယခင်အပတ်ထက် တန်ချိန် (၂,၂၅၂)၊ တန်ဖိုး ဒေါ်လာ (၂.၈၆၃) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်တို့မှ တရုတ်နိုင်ငံသို့ တင်ပို့မှု လျော့နည်းခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ဇယား (၁၁)– ပြည်တွင်း ရာဘာစျေးနှုန်းများ

ကျပ်သိန်း/တန်

| စဉ် | လ | RSS–3 (မော်လမြိုင်) | | RSS–5 (မော်လမြိုင်) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၂၂.၆၉ | ၂၈.၄၃ | ၂၀.၄၉ | ၂၆.၂၂ |
| ၂ | ဖေဖော်ဝါရီ | ၂၄.၈၇ | ၂၉.၅၁ | ၂၂.၆၇ | ၂၇.၃၁ |
| ၃ | မတ် | ၂၆.၇၂ | ၂၉.၃၁ | ၂၄.၅၁ | ၂၇.၁ |
| ၄ | ဧပြီ | ၂၆.၈၁ | ၂၉.၀၉ | ၂၄.၅၇ | ၂၆.၈၈ |
| ၅ | မေ | ၂၃.၁၁ | ၃၀.၃၀ | ၂၀.၉၁ | ၂၈.၁၀ |
| ၆ | ဇွန် | ၂၅.၇၆ | ၃၁.၀၈ | ၂၃.၅၅ | ၂၈.၈၈ |
| ၇ | ဇူလိုင် | ၂၅.၆၉ | ၃၃.၆ | ၂၃.၄၈ | ၃၁.၃၉ |
| ၈ | သြဂုတ် | ၃၀.၀၈ | ၃၅.၈၉ | ၂၇.၆၄ | ၃၃.၆၉ |
| ၉ | စက်တင်ဘာ | ၃၁.၆၂ | ၃၇.၄၃ | ၂၉.၄၁ | ၃၅.၂၂ |
| ၁၀ | အောက်တိုဘာ | ၃၂.၀၆ | ၃၇.၂၄ | ၂၉.၈၆ | ၃၅.၀၃ |
| ၁၁ | နိုဝင်ဘာ | ၂၆.၄၄ | | ၂၄.၉၇ | |
| ၁၂ | ဒီဇင်ဘာ | ၂၅.၈၉ | | ၂၃.၆၉ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၂)- ပြည်ပ ရာဘာဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လ | RSS-3 (ထိုင်း) | | RSS-5 (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၁,၉၅၆ | ၁,၇၂၁ | ၁,၉၉၃ | ၁,၇၃၉ |
| ၂ | ဖေဖော်ဝါရီ | ၂,၀၁၆ | ၁,၇၃၅ | ၁,၉၉၃ | ၁,၇၁၃ |
| ၃ | မတ် | ၂,၂၃၁ | ၁,၇၂၅ | ၂,၂၀၈ | ၁,၇၀၄ |
| ၄ | ဧပြီ | ၂,၃၃၈ | ၁,၇၄၇ | ၂,၃၂၃ | ၁,၇၂၄ |
| ၅ | မေ | ၂,၁၈၆ | ၁,၇၆၉ | ၂,၀၅၂ | ၁,၇၄၇ |
| ၆ | ဇွန် | ၂,၁၁၃ | ၁,၆၉၆ | ၂,၀၉၁ | ၁,၆၇၅ |
| ၇ | ဇူလိုင် | ၁,၈၈၂ | ၁,၆၄၀ | ၁,၈၆၁ | ၁,၆၁၃ |
| ၈ | သြဂုတ် | ၁,၇၁၅ | ၁,၅၅၀ | ၁,၆၉၄ | ၁,၅၂၉ |
| ၉ | စက်တင်ဘာ | ၁,၅၇၈ | ၁,၅၉၀ | ၁,၅၅၇ | ၁,၅၆၉ |
| ၁၀ | အောက်တိုဘာ | ၁,၆၂၆ | ၁,၆၇၃ | ၁,၆၀၆ | ၁,၆၅၂ |
| ၁၁ | နိုဝင်ဘာ | ၁,၅၅၄ | | ၁,၅၃၃ | |
| ၁၂ | ဒီဇင်ဘာ | ၁,၆၂၉ | | ၁,၆၀၂ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## နှမ်း

၁၈။ (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ ထိ) တွင် ပြည်ပသို့ ဆီထွက်သီးနှံ နှမ်းတင်ပို့မှုအနေဖြင့် တန်ဘိုး ဒေါ်လာ (၄၃.၄၇)သန်း၊ တန်ချိန် (၂၇,၁၆၅.၄၀) သန်း တင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် နှမ်းတင်ပို့မှုအနေဖြင့် (၃၃၀) တန်၊ တန်ဖိုးဒေါ်လာ(၀.၅၃၅) သန်းရှိပြီး၊ ယခင်အပတ်ထက် တန်ချိန် (၁,၁၁၃)၊ တန်ဖိုး ဒေါ်လာ (၁.၇၅၈) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ထိုင်ဝမ်၊ ဂျပန်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ တင်ပို့ခဲ့ပြီး၊ နယ်စပ်မှ တင်ပို့နိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ပြည်တွင်းဈေးကွက်တွင် နှမ်းနက်(စမုံ)နှင့် နှမ်းဖြူ(ရိုးရိုး)တို့ဈေးမြင့်နေပြီး နှမ်းဖြူ(ဂျပန်)နှမ်းမှာ ဈေးငြိမ်နေကာ နှမ်းညိုမှာ ဈေးကျဆင်းသွားကြောင်းတွေ့ရသည်။ ထိုသို့ဈေးကျရခြင်းမှာ နှမ်းမျိုးစုံအား ယခင်ကတရုတ်မှ အက်ဆစ်အောင်သည့် နှမ်းကိုသာရွေးဝယ်ယူသည့်အတွက် အက်ဆစ်အောင် မိုးနှမ်းဈေးကောင်းရပြီး ကျန်နှမ်းများအား ဈေးနှိမ်ဝယ်ယူခြင်း၊ လက်ရှိတွင် တရုတ်နိုင်ငံသို့ နှမ်းတင်ပို့နိုင်ခြင်းမရှိသောကြောင့် ဖြစ်ပါသည်။

ဇယား (၁၃)- ပြည်တွင်းနှမ်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၃-၁၁-၂၀၂၃) | ယခင်အပတ် (၂၇-၁၀-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | **နှမ်းနက်** | | | | |
| | မန္တလေး | ၄,၃၅၄,၀၀၀ | ၄,၃၅၄,၀၀၀ | - | - |
| | မကွေး | ၄,၄၈၈,၀၀၀ | ၄,၃၂၆,၀၀၀ | ၁၆၂,၀၀၀ | ၃.၆၁ |
| ၂ | **နှမ်းဖြူ** | | | | |
| | မန္တလေး | ၄,၉၆၇,၀၀၀ | ၄,၆၉၅,၀၀၀ | ၂၇၂,၀၀၀ | ၅.၄၈ |
| | မကွေး | ၄,၉၇၈,၀၀၀ | ၄,၈၁၆,၀၀၀ | ၁၆၂,၀၀၀ | ၃.၂၅ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၄)- နိုင်ငံအလိုက်နှမ်းဈေးနှုန်းများ

USD/ တန်

| စဉ် | နိုင်ငံ | ယခုအပတ် (၃-၁၁-၂၀၂၃) | ယခင်အပတ် (၂၇-၁၀-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | **နှမ်းနက်** | | | | |
| | အိန္ဒိယ | ၂,၀၀၈ | ၁,၉၇၅ | ၃၃ | ၁.၆၉% |
| | တရုတ် | ၁,၆၄၀ | ၁,၆၄၀ | ၀ | ၀.၀၀% |
| | မြန်မာ | ၁,၇၇၀ | ၁,၈၀၅ | - ၃၅ | - ၁.၉၄% |
| ၂ | **နှမ်းဖြူ** | | | | |
| | အိန္ဒိယ | ၁,၈၉၄ | ၁,၉၂၂ | - ၂၈ | - ၁.၄၆% |
| | တရုတ် | ၁,၅၇၂ | ၁,၅၇၂ | ၀ | ၀.၀၀% |
| | မြန်မာ | ၁,၈၈၀ | ၁,၉၁၅ | - ၃၅ | - ၁.၈၃% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချ မှုမှရရှိသည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၃၃,၅၅၀.၂၆) ၊ တန်ဖိုး ဒေါ်လာ (၃၉.၂၀) သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၀၄၆.၂၀)၊ တန်ဖိုး ဒေါ်လာ (၄.၁၉) သန်းနှင့် အခြား ရေထွက်ပစ္စည်းများမှာ တန်ချိန် (၁၂,၃၃၄.၄၉)၊ တန်ဖိုးဒေါ်လာ (၂၄.၁၆) သန်း ရရှိခဲ့သည်ကို သိရှိရ ပါသည်။

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၂-၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန်အားဖြင့် (၆၃၇.၅၇) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၅.၃၇) သန်း ပိုမိုတင်ပို့ခဲ့ပြီး၊ ပုဇွန်မှာ တန်ချိန် (၂၉၉.၆၂)၊ တန်ဖိုးဒေါ်လာ (၀.၄၇) သန်းနှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၁,၁၇၆.၀၂)၊ တန်ဖိုး ဒေါ်လာ (၈.၀၆) သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း ဖော်ပြပါဇယားအရ သိရှိရပါသည်။ ဇယား (၁၅)

ဇယား (၁၅) – ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်– မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၁၅,၀၁၈.၀၃** | **၂၀.၅၁** | **၉၈၃.၄၁** | **၃.၉၁** | **၆,၂၄၇.၁** | **၁၂.၉၁** | **၂၂,၂၄၈.၅၄** | **၃၇.၃၃** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၁၅,၀၁၈.၀၃ | ၂၀.၅၁ | ၉၈၃.၄၁ | ၃.၉၁ | ၆,၂၄၇.၁ | ၁၂.၉၁ | **၂၂,၂၄၈.၅၄** | **၃၇.၃၃** |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၁၈,၅၃၂.၂၄** | **၁၈.၆၉** | **၆၂.၇၉** | **၀.၂၈** | **၆,၀၈၇.၃၉** | **၁၁.၂၅** | **၂၄,၆၈၂.၄၂** | **၃၀.၂၂** |
| | (က) မြဝတီ | ၆၇.၆၆ | ၀.၀၆ | ၀.၅ | ၀.၀၁ | ၇၈.၆၇ | ၀.၁၉ | **၁၄၆.၈၅** | **၀.၂၆** |
| | (ခ) ကော့သောင်း | ၁၆,၄၅၅.၉၃ | ၁၆.၁၆ | ၃၉.၆၆ | ၀.၂၂ | ၃၀၈.၁၆ | ၀.၇၆၀ | **၁၆,၈၀၃.၇၅** | **၁၇.၁၄** |
| | (ဂ) စစ်တွေ | ၁,၁၆၇.၁၉ | ၁.၅၁ | ၀ | ၀. | ၀ | ၀. | **၁,၁၆၇.၁၉** | **၁.၅၁** |
| | (ဃ) မြိတ် | ၀. | ၀. | ၀. | ၀. | ၂,၄၄၅. | ၂.၂၀ | **၂,၄၄၅.၀၀** | **၂.၂** |
| | (င) မူဆယ် | ၇၇.၀၆ | ၀.၂ | ၂၃ | ၀ | ၁,၉၉၈.၆၄ | ၆.၁၄ | **၂,၀၉၈.၃၂** | **၆.၃၉** |
| | (စ) မောင်တော | ၁၁၀.၀၀ | ၀.၁၄ | ၀ | ၀ | ၅၅.၀၀ | ၀.၀၄ | **၁၆၅.၀၀** | **၀.၁၈** |
| | (ဆ) မောတောင် | ၆၅၄.၄၀ | ၀.၆၂ | ၀. | ၀. | ၁,၂၀၁.၉၁ | ၁.၉၁ | **၁,၈၅၆.၃၁** | **၂.၅၃** |
| | (ဇ)ကျိုင်းလတ် | ၀. | ၀. | ၀. | ၀. | ၀.၀၀ | ၀. | **၀.** | **၀.** |
| ၂၀၂၃-၂၀၂၄ ခုနှစ် အောက်တိုဘာလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၃၃,၅၅၀.၂၆ | ၃၉.၂၀ | ၁,၀၄၆.၂၀ | ၄.၁၉ | ၁၂,၃၃၄.၄၉ | ၂၄.၁၆ | ၄၆,၉၃၀.၉၅ | ၆၇.၅၅ |
| ၂၀၂၂-၂၀၂၃ ခုနှစ် အောက်တိုဘာလ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၃၂,၉၁၂.၆၉ | ၃၃.၈၃ | ၁,၃၄၅.၈၂ | ၄.၆၆ | ၁၃,၅၁၀.၅၁ | ၃၂.၂၂ | ၄၇,၇၆၉.၀၃ | ၇၀.၇၁ |
| ခြားနားချက် | | ၆၃၇.၅၇ | ၅.၃၇ | - ၂၉၉.၆၂ | - ၀.၄၇ | - ၁,၁၇၆.၀၂ | - ၈.၀၆ | - ၈၃၈.၀၈ | - ၃.၁၆ |

ရင်းမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှ သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၈,၆၈၁.၈၄) သန်းရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၁၇,၃၅၂.၇၂) သန်းရှိခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၁,၃၂၉.၁၂) သန်း (၇%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(နောက်ဆက်တွဲဇယား-ဂ)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ နိုဝင်ဘာလ (၃) ရက်ထိ သွင်းကုန်တင်သွင်းမှုအခြေအနေ

၂၂။ အစီရင်ခံကာလအတွင်း သွင်းကုန်စုစုပေါင်း အမေရိကန် ဒေါ်လာ (၉,၇၇၈.၅၅) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၁,၉၆၈.၆၃) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၄,၇၉၅.၀၅) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၁၆၁၇.၀၀) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၁,၃၉၇.၈၇) သန်းပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-ဂ)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ (၁-၄-၂၀၂၃) မှ (၃-၁၁-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၃၆၀,၃၉၇) ၊ တန်ဖိုးဒေါ်လာ (၃၅၅.၈၅) သန်း၊ **ဓာတ်မြေဩဇာ** တန်ချိန် (၁,၁၀၃,၀၉၃) ၊ တန်ဖိုး ဒေါ်လာ (၄၃၁.၁၂) သန်း၊ **ဂျုံစေ့** တန်ချိန် (၂၄၈,၁၄၁) ၊ တန်ဖိုး ဒေါ်လာ (၉၉.၅၅) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၁,၀၅၄) ၊ တန်ဖိုး ဒေါ်လာ (၀.၆၇) သန်း ပါရှိခဲ့ပါသည်။ (ဇယား - ၁၆၊ ပုံ-၇၊ ၈)

၂၄။ အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၁၁,၀၂၉) ၊ တန်ဖိုးဒေါ်လာ (၁၅.၅၉) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၁၁,၆၉၃)၊ တန်ဖိုးဒေါ်လာ (၁၇.၃၃) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၆,၀၀၂)၊ တန်ဖိုးဒေါ်လာ (၁၆.၉၂)သန်းစီ ပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၆)


၂၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ နိုဝင်ဘာလ (၃) ရက်ထိ **မြေဩဇာတင်သွင်းမှု**တွင် စုစုပေါင်းတန်ချိန် (၁,၀၇၀,၁၈၆) တင်သွင်းခဲ့ပါသည်။ အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၆၆၁,၀၁၁) တန်၊ ဖော့စဖိတ် (၃၅,၈၂၄) တန်၊ ပိုတက်စီယမ် (၄၆,၉၅၆) တန်၊ ကွန်ပေါင်း (၃၁၃,၁၉၂)တန်၊ ဖော်လာ (၁,၁၂၄) တန်၊ အော်ဂဲနစ်(၁,၇၄၄) တန်၊ ဂျစ်ပဆန်(၁,၅၄၀) တန်နှင့် အခြားမြေဩဇာစုစုပေါင်း (၈,၇၉၅) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲ ဇယား-ဃ)

## ဇယား (၁၆) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား

အမေရိကန်ဒေါ်လာသန်း


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက်မှ နိုဝင်ဘာလ (၃) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၃-၂၀၂၄ ယခုနှစ် | ၂၀၂၂-၂၀၂၃ ယခင်နှစ် | ခြားနားချက် ပမာဏ | % |
| | **စုစုပေါင်း** | US$ | ၁၇,၁၅၂.၆၀ | ၃,၈၁၁.၉၄ | ၁၃,၃၄၀.၆၆ | ၃၅၀% |
| ၁ | ဒီဇယ် | US$ | ၁,၇၁၆.၅၈ | ၁,၅၉၈.၁၁ | ၁၁၈.၄၇ | ၇% |
| | | တန် | ၁,၉၆၃,၉၅၄ | ၁,၃၉၁,၄၀၆ | ၅၇၂,၅၄၈ | ၄၁% |
| ၂ | ဓါတ်ဆီ | US$ | ၁,၀၅၄.၅၈ | ၁,၀၇၈.၂၇ | - ၂၃.၆၉ | - ၂% |
| | | တန် | ၁,၀၈၆,၆၂၅ | ၉၃၂,၂၀၄ | ၁၅၄,၄၂၁ | ၁၇% |
| ၃ | စားအုန်းဆီ | US$ | ၃၅၅.၈၅ | ၃၈၅.၆၄ | - ၂၉.၇၉ | - ၈% |
| | | တန် | ၃၆၀,၃၉၇ | ၂၈၃,၈၀၇ | ၇၆,၅၉၀ | ၂၇% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၂၁၅.၇၅ | ၁၁၈.၇၆ | ၉၆.၉၉ | ၈၂% |
| | | စီး | ၆,၄၂၂ | ၂,၀၁၃ | ၄,၄၀၉ | ၂၁၉% |
| | လူစီးယာဉ် | US$ | ၃၁.၁၄ | ၂.၉၂ | ၂၈.၂၂ | ၉၆၆% |
| | | စီး | ၁,၄၁၈ | ၁၁၈ | ၁,၃၀၀ | ၁၁၀၂% |
| | ဘတ်စ် | US$ | ၁.၀၄ | ၁.၉ | - ၀.၈၆ | - ၄၅% |
| | | စီး | ၅၄ | ၁၁၇ | - ၆၃.၀၀ | - ၅၄% |
| | ထရပ် | US$ | ၁၃.၀၇ | ၆.၃၇ | ၆.၇၀ | ၁၀၅% |
| | | စီး | ၈၅၅ | ၅၂၅ | ၃၃၀.၀၀ | ၆၃% |
| | ယန္တယား | US$ | ၁၃၂.၃၈ | ၆၇.၃၃ | ၆၅.၀၅ | ၉၇% |
| | | စီး | ၄၀၉၅ | ၁၂၅၃ | ၂ ၈၄၂ | ၂၂၇% |
| | ယာဉ်အပိုပစ္စည်း | US$ | ၃၈.၁၂ | ၄၀.၂၄ | - ၂.၁၂ | - ၅% |
| ၅ | ဘိလပ်မြေ | US$ | ၁၂.၉၁ | ၂၀.၉၂ | - ၈.၀၁ | - ၃၈% |
| | | တန် | ၁၅၂,၂၉၀ | ၂၄၅,၀၇၃ | - ၉၂,၇၈၃ | - ၃၈% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၄၃၁.၁၂ | ၃၉၅.၄၁ | ၃၅.၇၁ | ၉% |
| | | တန် | ၁,၁၀၃,၀၉၃ | ၆၉၃,၁၂၇ | ၄၀၉,၉၆၆ | ၅၉% |
| ၇ | ဂျုံစေ့ | US$ | ၉၉.၅၅ | ၄၈.၄၅ | ၅၁.၁၀ | ၁၀၅% |
| | | တန် | ၂၄၈,၁၄၁ | ၁၀၅,၇၅၃ | ၁၄၂,၃၈၈ | ၁၃၅% |
| ၈ | ဂျုံမှုန့် | US$ | ၀.၆၇ | ၃.၀၉ | - ၂.၄၂ | - ၇၈% |
| | | တန် | ၁,၀၅၄ | ၉,၀၄၉ | - ၇,၉၉၅ | - ၈၈% |
| ၉ | နို့ဆီ | US$ | ၁၅.၅၉ | ၁၄.၀၅ | ၁.၅၄ | ၁၁% |
| | | တန် | ၁,၁၀၂၉ | ၁၀,၃၁၉ | ၇၁၀ | ၇% |
| ၁၀ | နို့စိမ်း | US$ | ၁၇.၃၃ | ၁၈.၆၉ | - ၁.၃၆ | - ၇% |
| | | တန် | ၁၁,၆၉၃ | ၁၃,၁၈၈ | - ၁,၄၉၅ | - ၁၁% |
| ၁၁ | နို့မှုန့် | US$ | ၁၆.၉၂ | ၁၁.၇၉ | ၅.၁၃ | ၄၄% |
| | | တန် | ၆,၀၀၂ | ၃,၈၀၂ | ၂,၂၀၀ | ၅၈% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၇)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ(၈)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၆။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၁-၄-၂၀၂၃) မှ (၃-၁၁-၂၀၂၃)ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၉,၇၇၈.၅၅) သန်း ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလတွင် ဒေါ်လာ (၁၀,၄၇၂.၅၄)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၆၉၃.၉၉) (၆.၆%) လျော့နည်းတင် သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

၂၇။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၄,၇၉၅.၀၅) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၁,၉၆၈.၆၃) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ်အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၄,၇၉၄.၁၃) ဖြင့် အများဆုံး၊ ရင်းနှီးမြုပ်နှံမှုကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၂,၂၄၃.၃၄)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

## ဇယား (၁၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန် အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၃-၁၁-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၃၃၀.၁ | ၁၆၃၈.၅၅ | ၁၉၆၈.၆၃ | ၆၉၃.၈၈ | ၁၅၄၉.၄၆ | ၂၂၄၃.၃၄ | - ၃၆၃.၈ | ၈၉.၀၉ | - ၂၇၄.၇၁ | - ၁၂% |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၁၀၀.၃၃ | ၄၆၉၄.၇၂ | ၄၇၉၅.၀၅ | ၇၇.၇၆ | ၄၇၁၆.၃၇ | ၄၇၉၄.၁၃ | ၂၂.၅၇ | -၂၁.၆၅ | ၀.၉၂ | ၀% |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၁.၉၅ | ၁၅၉၅.၀၅ | ၁၆၁၇.၀၀ | ၁၀၅.၃၁ | ၁၇၂၂.၉၈ | ၁၈၂၈.၂၉ | - ၈၃.၃၆ | - ၁၂၇.၉၃ | - ၂၁၁.၂၉ | - ၁၂% |
| ၄ | CMP | ၀ | ၁၃၉၇.၈၇ | ၁၃၉၇.၈၇ | ၀ | ၁၆၀၆.၇၉ | ၁၆၀၆.၇၉ | ၀ | -၂၀၈.၉၂ | -၂၀၈.၉၂ | - ၁၃% |
| | **စုစုပေါင်း** | ၄၅၂.၃၅ | ၉၃၂၆.၂ | ၉၇၇၈.၅၅ | ၈၇၆.၉၅ | ၉၅၉၅.၆ | ၁၀၄၇၂.၅ | - ၄၂၄.၆ | - ၂၆၉.၄ | - ၆၉၄. | - ၆.၆% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၈။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၇၆,၅၉၀) ပိုမိုတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၂၉.၇၉)သန်း လျော့နည်းခဲ့သည်။ **ဓာတ်မြေဩဇာ**မှာ တန်ချိန်အားဖြင့် (၄၀၉,၉၆၆)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၃၅.၇၁) သန်းနှင့် **ဂျုံစေ့**မှာ တန်ချိန် (၁၄၂,၃၈၈)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၅၁.၁၀) သန်းစီ ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရပြီး၊ အခြားကုန်စည်ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၇၉၉၅) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၂.၄၂) သန်း လျော့နည်းတင်သွင်းခဲ့သည်။ (ဇယား -၁၆)

## သုံးသပ်ချက်

၂၉။ (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃) ထိ ပို့ကုန်တင်ပို့မှု စုစုပေါင်း ဒေါ်လာ (၈,၆၆၄.၆၆) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၁,၈၁၀.၁၁) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၄.၉၁) သန်း၊ ရေထွက် ဒေါ်လာ(၃၇၅.၁၄) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၇၀.၅၉)သန်း၊ သစ်တောထွက် ဒေါ်လာ(၄၀.၀၈)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၅,၅၅၃.၃၁) သန်းနှင့် အခြားပို့ကုန် ဒေါ်လာ (၇၁၀.၅၂) သန်းပါဝင်ခဲ့သည်ကိုတွေ့ရှိရသည်။ ယခင်နှစ်အလားတူကာလထက် အခြားပို့ကုန်ပစ္စည်းမှအပ ကျန်ပို့ကုန်များတင်ပို့မှုလျော့ကျခဲ့သည်ကိုတွေ့ရပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၂၀၂.၁၇) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁၂.၈၂) သန်း၊ ရေထွက် ဒေါ်လာ (၄၈.၈၅) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၂၀.၄၃) သန်း၊ သစ်တောထွက် ဒေါ်လာ(၄၇.၉၇) သန်း နှင့် စက်မှု

ကုန်ချော ဒေါ်လာ(၁,၄၅၆.၃၁) သန်း အသီးသီးလျော့နည်းတင်ပို့ခဲ့ပြီး၊ အခြားပို့ကုန် တင်ပို့မှုတွင် ဒေါ်လာ (၄၀၄.၀၀) သန်း ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ (နောက်ဆက်တွဲဇယား-က)

၃၀။ (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်းတွင် လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှာ ဒေါ်လာ (၁,၈၁၀.၁၁) သန်း ပါဝင်ခဲ့ပြီး-

(က) **ဆန်နှင့် ဆန်ကွဲ**တင်ပို့မှု တန်ချိန်(၆၂၄,၃၉၇.၀၁) ၊ တန်ဖိုး ဒေါ်လာ(၂၉၂.၉၉) သန်းတွင် ဆန်တန်ချိန် (၃၂၈,၄၀၉.၈၆)နှင့် ဆန်ကွဲတန်ချိန် (၂၉၅,၉၈၇.၁၅) တင်ပို့ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် **ဆန်** တန်ချိန် (၃၃၅,၄၉၃.၀၁) **နှင့် ဆန်ကွဲ** တန်ချိန် (၁၆၂,၆၀၅.၅၁) စီ လျော့နည်းတင်ပို့ခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် ယခင်နှစ်အလားတူကာလထက် ဆန်နှင့် ဆန်ကွဲ တန်ချိန် (၄၉၈,၀၉၈.၅၂) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ခ) **ပဲအမျိုးမျိုး**တွင် တန်ချိန် (၉၇၄,၆၉၆.၃၁) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် တန်ချိန် (၄၈,၃၉၉.၄၁) ပိုမိုတင်ပို့ခဲ့ကြောင်း၊

(ဂ) **ပြောင်း**တွင် တန်ချိန် (၈၆၀,၃၃၇.၂၄) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၂၉,၀၀၆.၉၇) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ဃ) **နှမ်း**တွင် တန်ချိန် (၂၇,၁၆၅.၄) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၇,၇၅၁.၉၂) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(င) **ရော်ဘာစိမ်း**တွင် တန်ချိန်(၉၄,၄၃၅.၃၈) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၃၂,၆၀၃.၄၅) လျော့နည်းတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။(ဇယား- ၂)

၃၁။ **သွင်းကုန်တင်သွင်းမှု**အနေဖြင့် ၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ ထိ စုစုပေါင်းဒေါ်လာ (၉၇၇၈.၅၅) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၆၉၃.၉၉) သန်း လျော့နည်းတင်သွင်းခဲ့သည်ကို တွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ်ကာလတူထက် တန်ချိန် (၇၆,၅၉၀) ပိုမိုခဲ့ပြီး၊ တန်ဖိုးအားဖြင့် ဒေါ်လာ(၂၉.၇၉)သန်း လျော့နည်းတင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေဩဇာ**မှာ တန်ချိန် (၄၀၉,၉၆၆)၊ တန်ဖိုးဒေါ်လာ အားဖြင့် (၃၅.၇၁) သန်း တိုးမြင့်တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲဇယား(ဃ)- ဇယား(၁၇)

၃၂။ **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၄၆,၉၃၀.၉၅)၊ တန်ဖိုး ဒေါ်လာ (၆၇.၅၅) သန်းနှင့် ယခင်နှစ်အလားတူကာလတွင် တန်ချိန် (၄၇,၇၆၉.၀၃) ၊ တန်ဖိုး ဒေါ်လာ(၇၀.၇၁) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၈၃၈.၀၈)နှင့် တန်ဖိုးအားဖြင့်(၃.၁၆) သန်း လျော့နည်းတင်ပို့ခဲ့သည်ကို တွေ့ရ သည်။ (ဇယား-၁၅)

## နိဂုံး

၃၃။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေ နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် သုံးသပ်ချက်နှင့်တကွ ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

နောက်ဆက်တွဲဇယား-က

## ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

၂၀၁၈ -၂၀၁၉ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃ ထိ)

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ဧပြီမှ မတ်) | ၂၀၁၉-၂၀၂၀ (ဧပြီမှ မတ်) | ၂၀၂၀-၂၀၂၁ (ဧပြီ မှ မတ်) | ၂၀၂၁-၂၂ (ဧပြီ မှ မတ်) | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃) မှ (၃-၁၁-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂,၉၈၆.၉၈ | ၃၆၄၆.၈၀ | ၄,၅၆၀.၄၁ | ၄,၁၀၂.၆၉ | ၃,၉၉၉.၀၂ | ၁,၈၁၀.၁၁ |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၄၅၃.၇၁ | ၄၂၀.၈၁ | ၆၉.၄၂ | ၈.၀၄ | ၂၀.၅၀ | ၄.၉၁ |
| ၃ | ရေထွက်ပစ္စည်း | ၇၃၀.၉၈ | ၁၂၂၈.၈၅ | ၈၀၄.၄၃ | ၈၂၄.၃၀ | ၇၆၅.၉၅ | ၃၇၅.၁၄ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁,၅၉၇.၆၀ | ၂,၅၈၈.၅၉ | ၁,၂၈၀.၈၂ | ၆၄၆.၅၆ | ၃၃၇.၀၆ | ၁၇၀.၅၉ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၈၅.၉၆ | ၂၆၅.၄၄ | ၁၂၈.၆၀ | ၁၄၆.၉၉ | ၁၃၉.၃၆ | ၄၀.၀၈ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၉,၃၉၈.၂၄ | ၁၅,၄၉၀.၂၃ | ၈,၇၇၆.၆၆ | ၈,၅၆၀.၂၂ | ၁၀,၉၄၀.၄၉ | ၅,၅၅၃.၃၁ |
| ၇ | အခြားပစ္စည်း | ၁,၈၀၀.၉၃ | ၉၈၉.၅၃ | ၉၆၃.၃၁ | ၇၃၇.၁၀ | ၄၁၇.၈၁ | ၇၁၀.၅၂ |
| | **စုစုပေါင်း** | **၁၇,၁၅၄.၄၀** | **၂၄၆၃၀.၂၄** | **၁၆,၅၈၃.၆၆** | **၁၅,၀၂၅.၉၀** | **၁၆,၆၂၀.၁၈** | **၈,၆၆၄.၆၆** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ခ

# လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုးအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန် အမျိုးအမည် | တန်ချိန်/ တန်ဘိုး | ၂၀၁၈-၂၀၁၉ (ဧပြီမှ မတ်) | ၂၀၁၉-၂၀၂၀ (ဧပြီမှ မတ်) | ၂၀၂၀-၂၀၂၁ (ဧပြီ မှ မတ်) | ၂၀၂၁-၂၂ (ဧပြီ မှ မတ်) | ၂၀၂၂-၂၃ (ဧပြီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃ ) မှ (၃-၁၁-၂၀၂၃) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ ဆန်ကွဲ | US$ | ၇၇၈.၉၉၉ | ၈၀၃.၂၇ | ၇၄၁.၁၆ | ၇၁၅.၉၈ | ၈၂၁.၃၁ | **၂၉၂.၉၉** |
| | | မတန် | ၂,၃၈၁,၇၅၅.၉၈ | ၂,၇၆၄,၇၄၄.၅၄ | ၂,၀၄၉,၀၁၇.၉၆ | ၂,၁၃၂,၂၃၂.၈၅ | ၂,၁၉၇,၅၁၀.၇၉ | **၆၂၄,၁၉၇.၀၁** |
| | ဆန် | US$ | ၆၄၈.၇၂ | ၅၈၁.၄၀ | ၄၅၆.၈ | ၄၅၉.၈၈ | ၅၁၈.၀၅ | ၁၇၁.၄၈ |
| | | မတန် | ၁,၉၂၉,၈၄၂.၂၆ | ၁,၉၀၈,၁၆၃.၇၂ | ၁,၁၆၁,၅၂၉.၁၅ | ၁,၃၀၄,၅၀၆.၉၀ | ၁,၃၂၇,၉၇၅.၈၃ | ၃၂၈,၄၀၉.၈၆ |
| | ဆန်ကွဲ | US$ | ၁၃၀.၂၇၆ | ၂၂၁.၈၆ | ၂၈၄.၁၇ | ၂၅၆.၀၈ | ၃၀၃.၂၅၃ | ၁၂၁.၅၂ |
| | | မတန် | ၄၅၁,၉၁၃.၇၂ | ၈၅၆,၅၈၀.၈၂ | ၈၈၇,၅၀၈.၆၁ | ၈၂၇,၇၂၅.၉၅ | ၈၆၉,၅၃၄.၉၆ | ၂၉၅,၉၈၇.၁၅ |
| ၂ | ပဲအမျိုးမျိုး | US$ | ၉၀၅.၁၅ | ၁၁၃၂.၀၅ | ၁၃၈၈.၅၅ | ၁,၅၉၄.၈၅ | ၁၄၇၀.၆၆ | **၈၁၇.၉** |
| | | မတန် | ၁,၆၄၇,၆၇၈.၃၄ | ၁,၆၀၈,၆၃၃.၈၅ | ၁,၇၅၇,၀၂၅.၁၄ | ၂,၁၄၅,၆၇၉.၁၇ | ၁,၉၁၉,၁၅၆.၁၀ | **၉၇၄,,၆၉၆.၃၁** |
| | မတ်ပဲ | US$ | ၃၀၂.၉၁ | ၄၁၀.၆၆ | ၃၈၆.၅၉ | ၆၀၆.၉၉ | ၅၃၁.၈ | ၄၁၈.၉၈ |
| | | မတန် | ၆၈၈,၂၅၀.၃၀ | ၆၁၃,၈၉၇.၃၂ | ၄၈၇,၉၂၆.၀၁ | ၈၀၁,၆၁၈.၂၃ | ၆၄၉,၉၄၀.၂၃ | ၄၆၅,၉၃၂.၃၈ |
| | ပဲတီစိမ်း | US$ | ၃၀၀.၉၈ | ၃၆၀.၇၉ | ၄၈၆.၀၂ | ၅၅၅.၄၆ | ၄၈၉.၀၉ | ၁၇၂.၂၁ |
| | | မတန် | ၄၁၄,၀၁၂.၀၈ | ၄၈၀,၇၂၆.၈၅ | ၆၁၁,၁၂၄.၆၀ | ၇၃၄,၅၁၈.၅၆ | ၆၉၁,၃၉၉.၂၉ | ၂၅၅,၃၀၅.၁၂ |
| | ပဲစဉ်းငုံ | US$ | ၇၈.၀၅ | ၉၃.၂၈ | ၇၆.၃၆ | ၁၆၃.၆၈ | ၁၈၇.၃၉ | ၉၈.၄၄ |
| | | မတန် | ၂၁၀,၃၃၈.၁၀ | ၁၅၈,၂၇၁.၂၇ | ၁၁၄,၅၈၁.၃၇ | ၂၄၄,၈၈၅.၉၈ | ၂၃၉,၅၃၇.၇၃ | ၁၁၀,၈၆၈.၀၆ |
| | မြေပဲဆံ | US$ | ၇၁.၂၉ | ၁၀၉.၇၄ | ၂၁၄.၇၁ | ၇၆.၅၄ | ၄၀.၁၆ | ၁၅.၈၃ |
| | | မတန် | ၆၁,၈၉၁.၅၉ | ၈၂,၇၄၀.၃၆ | ၁၇၀,၃၇၉.၅၁ | ၇၈,၃၄၇.၄၅ | ၃၂,၀၄၆.၁၇ | ၁၀,၃၁၈.၅၆ |
| ၃ | နှမ်း | US$ | ၁၅၀.၇ | ၂၂၈.၂၄ | ၄၁၄.၉၉ | ၂၄၈.၇ | ၁၃၂.၅၇ | **၄၃.၄၇** |
| | | မတန် | ၁၀၀,၇၀၄.၃၅ | ၁၃၂,၇၈၄.၇၀ | ၂၉၇,၇၉၅.၄၂ | ၁၉၇,၁၁၇.၁၉ | ၁၀၀,၀၆၅.၀၉ | **၂၇,၁၆၅.၄၀** |
| ၄ | ပြောင်း | US$ | ၂၁၉.၈၉ | ၃၆၈.၅၅ | ၄၇၂.၈၈ | ၅၇၃.၀၈ | ၅၉၃.၀၄ | **၂၆၀.၅၉** |
| | | မတန် | ၁,၀၆၀,၂၁၈.၆၂ | ၂,၁၉၁,၃၂၅.၂၄ | ၂,၆၀၇,၄၇၆.၁၇ | ၂,၄၁၄,၆၆၅.၀၅ | ၁,၉၂၁,၇၁၅.၁၈ | **၈၆၀,၃၃၇.၂၄** |
| ၅ | ရာဘာ | US$ | ၂၃၉.၈၂ | ၂၃၈.၄၉ | ၄၁၀.၂၆ | ၄၅၈.၅၈ | ၃၂၂.၁၉ | **၁၁၆.၇၉** |
| | | မတန် | ၁၉၁,၆၅၀.၀၄ | ၁၈၄,၈၄၀.၄၅ | ၂၈၈,၂၇၅.၅၅ | ၃၁၅,၁၀၀.၇၈ | ၂၃၉,၃၉၄.၆၅ | **၉၄,၄၃၅.၃၈** |
| ၆ | အခြား | US$ | ၆၉၂.၄၂ | ၈၇၆.၂၀ | ၁,၁၃၂.၅၈ | ၅၁၂.၇၃ | ၆၅၉.၂၅ | **၂၇၈.၃၇** |
| စုစုပေါင်း | | US$ | **၂,၉၈၆.၉၈** | **၃,၆၄၆.၇၉** | **၄,၅၆၀.၄၁** | **၄,၁၀၃.၉၂** | **၃,၉၉၉.၀၂** | **၁,၈၁၀.၁၁** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

## ဘဏ္ဍာနှစ်အလိုက် သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၈-၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ဧပြီမှ မတ်) | ၂၀၂၀-၂၁ (ဧပြီမှ မတ်) | ၂၀၂၁-၂၀၂၂ (ဧပြီမှ မတ်) | ၂၀၂၂-၂၀၂၃ (ဧပြီမှ မတ်) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၃-၁၁-၂၀၂၃)ထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၆,၂၄၉.၄၁ | ၇,၂၆၁.၇၈ | ၅,၉၀၀.၄၀ | ၃,၃၃၄.၅၇ | ၃,၇၃၂.၄၇ | ၃၃၀.၀၇ | ၁,၆၃၈.၅၅ | ၁,၉၆၈.၆၃ |
| (ခ) | လုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်းများ | ၇,၄၆၄.၈၅ | ၇,၆၁၇.၆၂ | ၅,၅၁၁.၁၇ | ၆,၀၇၅.၂၀ | ၈,၉၅၃.၁၁ | ၁၀၀.၃၃ | ၄,၆၉၄.၇၂ | ၄,၇၉၅.၀၅ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၄,၉၆၇.၅၇ | ၅,၀၈၀.၅၄ | ၃,၉၂၅.၉၂ | ၃,၅၁၇.၇၈ | ၄,၆၆၇.၁၃ | ၂၁.၉၅ | ၁,၅၉၅.၀၅ | ၁,၆၁၇.၀၀ |
| (ဃ) | CMP | - | - | ၈၁၅.၂၆ | ၁,၈၉၅.၂၄ | - | ၀ | ၁,၃၉၇.၈၇ | ၁,၃၉၇.၈၇ |
| **စုစုပေါင်း** | | ၁၈,၆၈၁.၈၄ | ၁၉,၉၅၉.၉၃ | ၁၆,၁၅၂.၇၄ | ၁၄,၈၂၂.၇၉ | ၁၇,၃၅၂.၇၂ | **၄၅၂.၃၅** | **၉,၃၂၆.၁၉** | **၉,၇၇၈.၅၅** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဃ

# ၂၀၂၃-၂၀၂၄ ခုနှစ်၊ အောက်တိုဘာလအတွင်း မြေဩဇာတင်သွင်းမှုအခြေအနေ

မက်ထရစ်တန်

| စဉ် | မြေဩဇာအမျိုးအစား | ၂၀၂၃ ခုနှစ် | | | | | | | | | ၂၀၂၄ ခုနှစ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | |
| ၁ | Nitrogen | ၄၃,၈၇၉ | ၈၂,၁၆၂ | ၇၃,၀၆၄ | ၁၇၁,၇၉၈ | ၁၂၄,၄၇၃ | ၁၄၁,၂၀၂ | ၂၄,၄၃၃ | | | | | | ၆၆၁,၀၁၁ |
| ၂ | Phosphate | ၁,၉၀၁ | ၁၅,၇၁၇ | ၀ | ၄,၄၉၇ | ၇,၄၂၁ | ၆,၀၂၄ | ၂၆၄ | | | | | | ၃၅,၈၂၄ |
| ၃ | Potassium | ၄,၅၁၃ | ၃,၀၁၂ | ၃,၅၈၃ | ၈,၈၁၈ | ၇,၃၀၄ | ၇,၃၇၄ | ၁၂,၃၅၂ | | | | | | ၄၆,၉၅၆ |
| ၄ | Compound | ၁၄,၃၅၅ | ၄၃,၄၃၆ | ၇၆,၂၄၃ | ၆၆,၅၀၅ | ၅၆,၆၄၀ | ၃၃,၁၇၆ | ၂၂,၈၃၇ | | | | | | ၃၁၃,၁၉၂ |
| ၅ | Follar | ၁၅ | ၂ | ၁၆၀ | ၁၇၁ | ၉၈ | ၄၉၄ | ၁၈၄ | | | | | | ၁၁၂၄ |
| ၆ | Organic | ၁၂၅ | ၆၅၂ | ၂၀၅ | ၅၂၁ | ၆၄ | ၁၀၅ | ၇၂ | | | | | | ၁,၇၄၄ |
| ၇ | Gypsum | ၄၅၀ | ၀ | ၁၃၀ | ၃၈၄ | ၀ | ၃၈၄ | ၁၉၂ | | | | | | ၁,၅၄၀ |
| ၈ | Other | ၁၆၃ | ၁,၁၇၉ | ၃,၁၆၇ | ၁,၃၈၃ | ၁,၆၂၆ | ၄၁၃ | ၈၆၄ | | | | | | ၈,၇၉၅ |
| စုစုပေါင်း | | ၆၅,၄၀၁ | ၁၄၆,၁၆၀ | ၁၅၆,၅၅၂ | ၂၅၄,၀၇၇ | ၁၉၇,၆၂၆ | ၁၈၉,၁၇၂ | ၆၁,၁၉၈ | | | | | | ၁,၀၇၀,၁၈၆ |

Source : Customs Department